ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

## ဆပ်ကော်မတီ (၈) ခု ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ e-Government စနစ်အား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအောက်တွင် အောက်ဖော်ပြပါ ဆပ်ကော်မတီ (၈) ခုအား ဖွဲ့စည်းလိုက်သည် -

**(က) ကြီးကြပ်ကွပ်ကဲမှု ဆပ်ကော်မတီ ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (၁) | ဒေါက်တာဆက်အောင်<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးဇော်သန်းသင်း<br>အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |

(၃) ဦးဝင်းကျော်အောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(၄) ဗိုလ်မှူးကြီးမြတ်မင်းဦး — အဖွဲ့ဝင်
တပ်မတော်သတင်းနည်းပညာဌာန
ကာကွယ်ရေးဝန်ကြီးဌာန

(၅) ဦးမြင့်ဆွေ — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(၆) ဒေါက်တာဆွေဆွေအောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၇) ဦးခွန်ဦး — အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၈) ဦးမင်းဇေယျာလှိုင် — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၉) ဦးစိုင်းစောလင်းထွန်း — အတွင်းရေးမှူး
ခေတ္တညွှန်ကြားရေးမှူးချုပ်
သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

**(ခ) အခြေခံအဆောက်အအုံ၊ စနစ်၊ ပုံစံနှင့် ဒီဇိုင်းဆပ်ကော်မတီ**

(၁) ဦးစိုးသိန်း — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဦးမျိုးကြွယ် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ်
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(၃) ဒေါ်ခင်ဆွေလတ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၄) ဦးရန်နောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးဇော်မင်းဦး　အဖွဲ့ဝင်
အထွေထွေအတွင်းရေးမှူး
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၆) ဦးနေလင်းသန်း　အဖွဲ့ဝင်
အလုပ်အမှုဆောင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၇) ဦးမျိုးမင်းဦး　အဖွဲ့ဝင်
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၈) ဦးသောင်းစုငြိမ်း　အတွင်းရေးမှူး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

**(ဂ) ဝယ်ယူရေးနှင့် အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးဆပ်ကော်မတီ**

(၁) ဦးဇော်နိုင်　ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) ဦးကျော်စိုးဝင်း　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၃) ဒေါက်တာမေမြတ်မွန်ဖြူ　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(၄) ဦးရန်နောင်　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးထင်အောင်ခိုင်　အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း

(၆) ဦးထွန်းခိုင်　အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း

(၇) ဦးမင်းဦး　အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း

(၈) ဒေါ်နွယ်နီစိုးရင်　အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

**(ဃ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆပ်ကော်မတီ**

(၁) ဦးကျော်စွာစိုး — ဥက္ကဋ္ဌ
ပါမောက္ခချုပ်
ကွန်ပျူတာတက္ကသိုလ် (မန္တလေး)
ပညာရေးဝန်ကြီးဌာန

(၂) ဦးရဲဝင်းသန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(၃) ဒေါ်ခိုင်ခိုင်လတ် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
အုပ်ချုပ်ရေး၊ လူ့အရင်းအမြစ်နှင့်နည်းပညာဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(၄) ဒေါ်ခင်ဆွေဌေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၅) ဦးငြိမ်းဦး — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း

(၆) ဦးမင်းဦး — အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း

(၇) ဦးအောင်အောင် — အဖွဲ့ဝင်
အလုပ်အမှုဆောင်
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း

(၈) ဒေါ်အေးအေးသင်း — အတွင်းရေးမှူး
တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

**(င) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဆပ်ကော်မတီ**

(၁) ဦးရဲနိုင်မိုး — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဒုတိယဗိုလ်မှူးကြီးဝင်းမင်းဦး — အဖွဲ့ဝင်
စစ်ဦးစီးမှူး (ပထမတန်း)
စစ်ဘက်ရေးရာလုံခြုံရေးဌာန (နည်းပညာ)
ကာကွယ်ရေးဝန်ကြီးဌာန

(၃) ဒေါက်တာမီမီစုသွင် — အဖွဲ့ဝင်
ပါမောက္ခ
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(၄) ဦးဟန်မျိုးအောင် — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၅) ဦးသက်လွင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဥပဒေအကြံပေးရေးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၆) ဦးရဲကျော်သိန်း — အဖွဲ့ဝင်
အလုပ်အမှုဆောင်
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း

(၇) ဦးရဲသူရသက် — အဖွဲ့ဝင်
အလုပ်အမှုဆောင်
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း

(၈) ရဲမှူးကြီး ထွန်းနေဝင်း — အတွင်းရေးမှူး
ဌာနမှူး
ဆက်သွယ်ရေးနှင့်သတင်းနည်းပညာဌာန
ပြည်ထဲရေးဝန်ကြီးဌာန

**(စ) စံသတ်မှတ်ရေး ဆပ်ကော်မတီ**

(၁) ဦးဝင်းခိုင်မိုး — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ပညာရေးဝန်ကြီးဌာန

(၂) ဦးမျိုးမြင့်ထိုက် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၃) ဦးတင်မောင်သန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၄) ဒေါ်ဖြိုးဖြိုးခင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
သတင်းအချက်အလက်နည်းပညာဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၅) ဒေါက်တာထွန်းသူရသက် — အဖွဲ့ဝင်
တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၆) ဦးမျိုးမြင့်ထွန်း — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း

(၇) ဦးရဲရင့်ဝင်း — အတွင်းရေးမှူး
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

**(ဆ) သုတေသနနှင့် ဖွံ့ဖြိုးရေးဆပ်ကော်မတီ**

(၁) ဒေါက်တာသိန်းဝင်း — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၂) ဗိုလ်မှူးထွန်းမြင့်အောင် — အဖွဲ့ဝင်
ဌာနခွဲမှူး
တပ်မတော် (ကြည်း၊ ရေ၊ လေ) သတင်းနည်းပညာဌာန
ကာကွယ်ရေးဝန်ကြီးဌာန

(၃) ဒေါက်တာထွန်းသူရသက် — အဖွဲ့ဝင်
တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၄) ဦးလှကောင်း — အဖွဲ့ဝင်
အလုပ်အမှုဆောင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၅) ဦးစိုးထွဋ် — အဖွဲ့ဝင်
အလုပ်အမှုဆောင်
မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း

(၆) ဒေါက်တာမီမီသက်သွင် — အတွင်းရေးမှူး
ပါမောက္ခချုပ်
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

**(ဇ) ပြန်ကြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆပ်ကော်မတီ**

(၁) ဦးမျိုးမြင့်မောင် — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန

(၂) ဦးအောင်ကျော်ဇံ — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး
နိုင်ငံခြားရေးဝန်ကြီးဌာန

(၃) ဒေါ်လွင်လွင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သတင်းအချက်အလက်နည်းပညာဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၄) ဦးအောင်ကျော်မိုး — အဖွဲ့ဝင်
ဘဏ္ဍာရေးမှူး
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၅) ဦးမြင့်သူ — အဖွဲ့ဝင်
စာရင်းစစ်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၆) ဦးခိုင်ဝင်း — အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း

(၇) ဦးထွန်းဇော် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားစီးပွားဆက်သွယ်ရေး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ကော်မတီ (၈) ခု၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

**(က) ကြီးကြပ်ကွပ်ကဲမှု ဆပ်ကော်မတီ**

(၁) ICT Infra and Apps Marketing and Engagement

(ကက) ဝန်ကြီးဌာနအားလုံးမှ အကောင်အထည်ဖော်မှုများတွင် ၎င်းတို့၏ဆန္ဒသဘောဖြင့် လိုလိုလားလား တက်တက်ကြွကြွပါဝင်လာအောင် ဆောင်ရွက်ရန်၊

(ခခ) Shared applications နှင့် Infrastructure များအတွက် လိုအပ်ချက်များ ကောက်ခံခြင်း၊ စနစ်၏ လုပ်ငန်းပမာဏပေါ်မူတည်၍ အရွယ်အစားခွဲခြားခြင်း၊ ထားရမည့်ပုံစံ (Structure) များ သတ်မှတ်ပေးခြင်းဖြင့် ဌာနများမှ ကိုယ်တိုင် တည်ဆောက်နေမည့်အစား Shared applications နှင့် Infrastructure များကို အသုံးပြုလာစေရန် ဆောင်ရွက်ရန်။

(၂) Portfolio and Project Management

(ကက) ကနဦး e-Governance လုပ်ငန်းများအတွက် Portfolio ကို တည်ဆောက်ပေးရန်နှင့် ပြန်လည်စစ်ဆေးရန်၊

(ခခ) ပရောဂျက်များ၏ Portfolio များအား စစ်ဆေးနိုင်ရန် (tracking) အတွက် စီမံချက်ချခြင်း (Plan) များ ဆောင်ရွက်နိုင်မည့် templates နှင့် ကိရိယာ (tool) များကို ဖန်တီးပေးရန်၊

(ဂဂ) ဦးဆောင်ကော်မတီ (steering committee) အား လုပ်ငန်းအားလုံး ပါဝင်သည့် လုပ်ငန်းဆောင်ရွက်မှုပေါင်းချုပ် အစီရင်ခံစာပြုစုတင်ပြရန်၊

(ဃဃ) ဝန်ကြီးဌာနများအတွက် အတွေ့အကြုံရှိသည့် ပရောဂျက်မန်နေဂျာများ ရှာဖွေခြင်း၊ လိုအပ်ပါက သင်တန်းပေးခြင်း၊ ခန့်ထားခြင်းကို သေသေချာချာ စီမံဆောင်ရွက်ရန်နှင့် ဂရုပြုဆောင်ရွက်စေရန်၊

(ငင) အခြားသောဆပ်ကော်မတီများနှင့်ပူးပေါင်း၍ တချို့သော e-Governance လုပ်ငန်းများတွင် ၎င်းတို့၏ စွမ်းဆောင်ချက်များဖြင့် ကူညီပေးရန်၊

(စစ) ဝန်ကြီးဌာနများနှင့် နိုင်ငံတော်သမ္မတရုံးတို့နှင့်ပူးပေါင်းပြီး e-Governance လုပ်ငန်းများကို ဦးစားပေးအစီအစဉ် သတ်မှတ်ပေးရန်နှင့် ယင်းကို အရေးကြီးမှု၊ လက်ရှိဆောင်ရွက်နေမှုများနှင့် အချင်းချင်းဆက်စပ်ဆောင်ရွက်ရန် လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစားပြီးမှ ဦးစားပေးအစီအစဉ်သတ်မှတ်ရန်။

(၃) ဥပဒေရေးရာ

(ကက) အခြားသောလုပ်ငန်းအဖွဲ့များ ဆောင်ရွက်ချက်များအပေါ် ဥပဒေဆိုင်ရာကိစ္စရပ်များ အကြံပြုရန်၊

(ခခ) e-Government စီမံကိန်းများအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်နှင့် အသစ်ပြဋ္ဌာန်းရန် လိုအပ်သည့်ဥပဒေများအား ပြုစုရေးသားအကြံပြုရန်။

**(ခ) အခြေခံအဆောက်အဦ၊ စနစ်၊ ပုံစံနှင့် ဒီဇိုင်းဆပ်ကော်မတီ**

(၁) ဆက်သွယ်ရေးအခြေခံအဆောက်အဦ (Communication Infra)

(ကက) ဆက်သွယ်ရေး အခြေခံအဆောက်အဦများ ပြည့်ဝလုံလောက်အောင် စီမံဆောင်ရွက်ရန်၊

(ခခ) လျှပ်စစ်နှင့်အခြားလိုအပ်သော အခြေခံအဆောက်အဦများ ဖြည့်တင်းပေးရန်။

(၂) အိုင်တီစနစ်များ အခြေခံအဆောက်အဦ (Application Infra)

(ကက) သတင်းအချက်အလက် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦများ (Software-related IT Infra) စီမံဆောင်ရွက်ရန်၊

(ခခ) နည်းပညာပစ္စည်းကိရိယာဆိုင်ရာ အခြေခံအဆောက်အဦများ (Hardware-related IT Infra) စီမံဆောင်ရွက်ရန်၊

(ဂဂ) အခြေခံဘုံသုံးစနစ်ဆိုင်ရာ အခြေခံအဆောက်အဦများ (common application Infra) စီမံဆောင်ရွက်ရန်၊

(ဃဃ) ငွေပေးချေရေးဆိုင်ရာ အခြေခံအဆောက်အဦများ (Payment gateway Infra) စီမံဆောင်ရွက်ရန်၊

(ငင) Government Authentication စနစ်အတွက် လိုအပ်သည့် Public Key Infrastructure ကိုတည်ထောင်ရန်။

(၃) စနစ်ပုံစံနှင့် ဒီဇိုင်းအကြံပြုရေး (Architecture and Design)

(ကက) e-Governance Architecture ရရှိလာအောင် ဆောင်ရွက်သွားရန်နှင့် စီမံအုပ်ချုပ်ရန်၊ အသုံးပြုမည့် နည်းပညာနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ရွေးချယ်မှုများ ဆောင်ရွက်နိုင်ရန် အိုင်တီဗိသုကာပညာရှင်များနှင့် နည်းပညာကျွမ်းကျင်သူများပါဝင်အောင် ဖွဲ့စည်းရန်၊

(ခခ) ဝန်ကြီးဌာနအလိုက်ဆောင်ရွက်နေသော application များ၏ ဒီဇိုင်း ထိန်းချုပ်မှု (design control) ကို သေချာအောင်စိစစ်ရန်နှင့် မည်သည့် e-Governance လုပ်ငန်းများမဆို လုပ်ငန်းမစတင်မီ ဤဆပ်ကော်မတီ ခွင့်ပြုချက်ကို မဖြစ်မနေ ရရှိပြီးမှသာ ဆက်လက်လုပ်ငန်းဆောင်ရွက်ရန်။

**(ဂ) ဝယ်ယူရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီ**

(၁) ဌာနဆိုင်ရာများ၏ e-Government စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး ပစ္စည်း၊ ဝန်ဆောင်မှုနှင့် ဆော့ဖ်ဝဲများ ဝယ်ယူရာတွင် နည်းပညာဆိုင်ရာကိစ္စရပ်များအတွက် အကြံပေးရန်၊

(၂) e-Procurement စနစ်ဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ (သို့မဟုတ်) ဆပ်ကော်မတီအား အကြံပေးရန်၊

(၃) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ framework ကို ရေးဆွဲရန်နှင့် ထို framework သည် ရင်းနှီးမြှုပ်နှံမှုများအပါအဝင် e-Government လုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းများမှ ပါဝင်လာအောင် အထောက်အကူပေးရန်။

**(ဃ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ**

(၁) e-Government ကို အကောင်အထည်ဖော်သည့် ဌာနအားလုံးကို အထောက်အကူ ဖြစ်စေမည့် သင်တန်းများပေးခြင်းကို ဆောင်ရွက်ရန်၊

(၂) သတ်မှတ်ထားသည့် skill framework နှင့် ကိုက်ညီသည့် သင်ရိုးညွှန်းတမ်း (curriculum) ကို ပြုစုရန်၊

(၃) သင်တန်းပို့ချနေစဉ်နှင့် သင်တန်းပြီးဆုံးပြီးနောက် အကဲဖြတ်မှတ်တမ်းများ ကောက်ခံရန်နှင့် အောင်လက်မှတ်များ ချီးမြှင့်ရန်၊

(၄) Marketing ကို ဆောင်ရွက်နေသည့် အဖွဲ့နှင့်ပူးပေါင်းပြီး နောင်တွင်လိုအပ်မည့် ကျွမ်းကျင်မှု လိုအပ်ချက်များကို သိရှိအောင် ဆောင်ရွက်ရန်နှင့် ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်အောင် ဆောင်ရွက်ရန်၊

(၅) ကျွမ်းကျင်မှုလိုအပ်ချက် ဖြည့်ဆည်းခြင်းကို ပြည်တွင်းမှ ပညာရှင်များမှ သင်ကြားပို့ချ နိုင်ခြင်းမရှိပါက ပြည်ပမှ ပညာရှင်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခေါ်ယူသင်ကြား နိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(၆) ပုဂ္ဂလိက အဖွဲ့အစည်းများ (သို့ အစိုးရနှင့် ဖက်စပ်၍ဖြစ်စေ) ICT Institute များ တည်ထောင်လည်ပတ်နိုင်ရန်အတွက် လိုအပ်သည့် စီမံအုပ်ချုပ်မှုနှင့် စည်းမျဉ်းများ ချမှတ်ခြင်း ဆောင်ရွက်ရန်။

**(င) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဆပ်ကော်မတီ**

(၁) Cyber security assurance framework ကို ရေးဆွဲဆောင်ရွက်ရန်နှင့် အစိုးရဌာနများ၊ အရေးကြီးသည့် အခြေခံအဆောက်အဦများ (critical infrastructure organizations) နှင့် နိုင်ငံတော်၏ စီးပွားရေးအတွက် အရေးကြီးသည့် အခြားသော အဓိက အိုင်တီအသုံးပြုသူ (key IT users) ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်အတွက် ဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ PKI စနစ်အတွက် ပိုင်ဆိုင်မှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများတာဝန်များကို ဆောင်ရွက်ရန်၊

(၃) Security Incident များကို လျင်မြန်စွာ ရှာဖွေတွေ့ရှိရန်နှင့် တုံ့ပြန်နိုင်ရန်အတွက် National Cyber Alert System ကို တည်ထောင်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန်၊

(၄) Cyber Threats များ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို လျှော့ချနိုင်ရန်နှင့် ထိရောက်သော အကျိုးသက်ရောက်မှုရရှိစေရန်အတွက် သတင်းအချက်အလက်များ ဖလှယ်ရန်၊

(၅) တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် အခြားသောအသုံးပြုသူများ (ဥပမာ- e-Governance Project Owner) များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။

**(စ) စံသတ်မှတ်ရေး ဆပ်ကော်မတီ**

(၁) စံချိန်စံနှုန်း၊ စည်းမျဉ်းနှင့် မူဝါဒများ (Standards, Regulations & Policies) အကြံပြုရေး၊ အရည်အသွေးစိစစ်ရေး (Quality Assurance)

(ကက) အိုင်တီနှင့်သက်ဆိုင်သည့် မူဝါဒများ၊ စံများ၊ နည်းဥပဒေများ ရေးဆွဲပြုစုရန်နှင့် ဝန်ကြီးဌာနများမှ သဘောတူညီမှုရရှိရန်နှင့် လက်ခံကျင့်သုံးအောင် ဆောင်ရွက်ရန်၊

(ခခ) နိုင်ငံတကာစံများကိုလည်း လေ့လာပြီး မြန်မာနိုင်ငံတွင် ကျင့်သုံးနိုင်ရန်အတွက် ဦးစားပေးစံများ သတ်မှတ်ပေးရန်၊

(ဂဂ) လိုအပ်နေသော စံများသတ်မှတ်ရန်၊ အခြားသောအဖွဲ့အစည်းများမှ တင်ပြလာသည့် စံများကို လက်ခံအတည်ပြုပေးရန်၊ လိုအပ်သလိုပြင်ဆင်ပေးရန်နှင့် feedback များကို စောင့်ကြည့်ထိန်းကွပ်ပေးရန်၊

(ဃဃ) နိုင်ငံတော်အတွက် အရေးကြီးသည့် စီမံကိန်းများနှင့် အိုင်တီစနစ်များအား အရည်အသွေးထိန်းခြင်းနှင့် လုံခြုံမှု ရှိ မရှိ ဆန်းစစ်မှုများကို ဆောင်ရွက်ပေးရန်၊

(ငင) နိုင်ငံတကာနှင့်ကိုက်ညီမှုရှိစေရန်အတွက် ထုတ်ကုန်များနှင့် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်၊

(စစ) အိုင်တီဖြင့် အသက်မွေးဝမ်းကျောင်းသူများ (Professionals) ၏ အသိပညာ တိုးတက်မှုအတွက် အရည်အသွေးစီမံခန့်ခွဲခြင်းနှင့် စစ်ဆေးမှုများ (test) နှင့် သက်ဆိုင်သည့် ဗဟုသုတများပေးရန်၊

(ဆဆ) အများပြည်သူများအား သင်တန်းပေးခြင်း၊ လိုအပ်ချက်နှင့် ကိုက်ညီသည့် အထူးသင်တန်း များပေးခြင်းတို့ဖြင့် အရည်အသွေးမြင့်ထုတ်ကုန်များနှင့် လုပ်ငန်းစဉ်များရရှိလာစေ ခြင်းဖြင့် ဤအဖွဲ့မှ ရည်မှန်းထားသည့် အရည်အသွေးကိုရရှိအောင် ဆောင်ရွက်သွားရန်။

(၂) ဌာနဆိုင်ရာ ဝက်ဘ်ဆိုက်များ၊ application များတွင် ယူနီကုဒ်ကို တစ်ပြိုင်တည်း အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်၊

(၃) မိုဘိုင်းအော်ပရေတာများ၏ SMS & USSD message များတွင် ယူနီကုဒ်ကို တစ်ပြိုင်တည်း အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်၊

(၄) မိုဘိုင်းဖုန်းရောင်းချသူများက ရောင်းချသည့် မိုဘိုင်းဖုန်းများတွင် ယူနီကုဒ်ကို စံအဖြစ် တရားဝင် သတ်မှတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၅) ပညာရေးဝန်ကြီးလက်အောက်ရှိ အမျိုးသားစံသတ်မှတ်ရေးကော်မတီက ယူနီကုဒ်ကို စံအဖြစ် တရားဝင် သတ်မှတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(၆) စီးပွားရေးလုပ်ငန်းများနှင့် သတင်းမီဒီယာများအပါအဝင် ပြည်သူလူထုက ယူနီကုဒ်သို့ တစ်ပြိုင်တည်း ကူးပြောင်းသုံးစွဲမည့် နောက်ဆုံးအချိန်တစ်ခု သတ်မှတ်ကြေညာကာ ယူနီကုဒ် ကူးပြောင်းသုံးစွဲမည့်ကိစ္စနှင့် အကျိုးကျေးဇူးများကို အများပြည်သူသိစေရန် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်ရန်၊

(၇) ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဘဏ်များ၏ Mobile Banking စနစ်များတွင် ယူနီကုဒ်ကို အသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်ရန်။

## (ဆ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ

(၁) လုပ်ငန်းစဉ်နှင့် မူဝါဒ ပြုပြင်ပြောင်းလဲခြင်းနှင့် ပြုပြင်ပြောင်းလဲမှု စီမံခန့်ခွဲရေး (Re-Engineering and Change Management Unit)

(ကက) ဌာနများမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို လေ့လာပြီး ပိုမိုလျင်မြန် ထိရောက်မှုရှိသည့် ပုံစံသို့ ပြောင်းလဲဆောင်ရွက်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ခခ) ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်သူများအား အကူအညီပေးခြင်း၊ စနစ်ဆောင်ရွက် နေသည့်ပုံစံ၊ လုပ်ငန်းစဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများ (Impact) နှင့်ပတ်သက်၍ အကြံဉာဏ်ပေးခြင်း၊

(ဂဂ) ဤဆပ်ကော်မတီသည် ဝန်ကြီးဌာနများနှင့် တွေ့ဆုံချိတ်ဆက်၍ e-Governance စနစ်များ ချိတ်ဆက်ပေါင်းစပ်နိုင်ရေး (Integration) နှင့် ထိရောက်သော စီမံအုပ်ချုပ်မှု၏ အကျိုးဆက်များနှင့်ပတ်သက်၍ တာဝန်ခံရန်၊

(ဃဃ) e-Governance အကောင်အထည်ဖော်ရာတွင် ပါဝင်သူများ၏ အဆင်သင့်ဖြစ်မှု (stakeholder readiness) ကို လေ့လာဆန်းစစ်ပြီး လိုအပ်ချက်များ ရှာဖွေရန်၊ ပြုပြင်ဆောင်ရွက်သွားရမည့် အကျယ်အဝန်း (scope) ကို သတ်မှတ်ရန်၊ လုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲပြုစုပြီး စီမံချက်အတိုင်း လိုက်နာမှုရှိစေရန် ဆောင်ရွက်သွားရန်။

(၂) ပြည်တွင်းမှ ပညာရှင်များနှင့် ပုဂ္ဂလိကကုမ္ပဏီတို့နှင့် ပူးပေါင်းပြီး တီထွင်ဆန်းသစ်သည့် ဂေဟစနစ် (Innovation ecosystem) ကို တည်ထောင်ရန်နှင့် နည်းပညာကို အသုံးချနိုင်ကြောင်းကို Pilot project များဖြင့် သက်သေပြခြင်းဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊

(၃) Marketing and Engagement ဆောင်ရွက်သည့်အဖွဲ့နှင့် အနီးကပ်ပူးပေါင်း၍ ရှေ့လုပ်ငန်းစဉ်များအတွက် နည်းပညာများကို နိုင်ငံတကာအဆင့်ရှိ အိုင်စီတီကုမ္ပဏီများ၊ တက္ကသိုလ်များ၊ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့များနှင့် ပူးပေါင်း၍ conceptualize ပြုလုပ်ရန်နှင့် နည်းပညာဆိုင်ရာ pilot project များကို အကောင်အထည်ဖော်သွားရန်၊

(၄) Ministry of Finance, the Ministry of Transport and Communication စသည်တို့ ပူးပေါင်း၍ "Digital Fund" ကို ထူထောင်ရန်နှင့် လုပ်ငန်းစတင်သည့် စွန့်ဦးတီထွင်သူ (Start-ups) များကို ရင်းနှီးငွေ၊ အတွေ့အကြုံများ၊ နည်းပညာနှင့် Infrastructure များ ရရှိစေရန်နှင့် လုပ်ငန်းအုပ်ချုပ်မှုဆိုင်ရာ စွမ်းရည်များရရှိအောင် ဆောင်ရွက်ပေးရန်။

**(၈) ပြန်ကြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆပ်ကော်မတီ**

(၁) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး (Information & Public Relations)

(ကက) e-Government စီမံကိန်းများဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရန်၊

(ခခ) ပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းများ၊ ဌာနဆိုင်ရာများအပါအဝင် Stakeholder များအားလုံးထံမှ အကြံပြုချက်များ၊ ထင်မြင်ချက်များ၊ ရှုမြင်သုံးသပ်ချက်များ ကောက်ခံရယူရန်၊

(ဂဂ) e-Government စီမံကိန်းများကို အများပြည်သူနှင့် ပါဝင်ပတ်သက်သူအားလုံး (Stakeholder) များ နားလည်လက်ခံလာရန် Advocacy, Awareness Campaign, Basic Education Initiative များ စီမံဆောင်ရွက်ရန်။

(၂) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး (International Cooperation)

(ကက) နိုင်ငံတကာမှ ပညာရှင်များ၊ အလှူရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အခြားလုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ခခ) နိုင်ငံတကာမှမီဒီယာများ၊ အဖွဲ့အစည်းများမှ မေးမြန်းစုံစမ်းလာသည့်အခါ ပြန်ကြားရေးအပါအဝင် အခြားလုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန်။

အမိန့်အရ

သောင်းထွန်း

ဥက္ကဋ္ဌ

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ